နောက်ဆက်တွဲ(မ)

## အဆောက်အအုံအသုံးပြုမှုအလိုက် ပူးတွဲတင်ပြရန် လိုအပ်သောစာရွက်စာတမ်းများ

(က) ဟိုတယ် အဆောက်အအုံများ ဆောက်လုပ်ခွင့် တင်ပြပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ခံချက်ပါရှိရမည်။

(ခ) ကားပါကင်အဆောက်အအုံများ ဆောက်လုပ်ခွင့် တင်ပြပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ခံချက်ပါရှိရမည်။

(ဂ) ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခွင့်တင်ပြလာပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်နှင့် ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူး၏ထောက်ခံချက်တို့ပါရှိရမည်။

(ဃ) စက်မှုဇုန်များတွင် ဆောက်လုပ်ခွင့် တင်ပြလာပါက သက်ဆိုင်ရာဇုန်ကော်မတီ၏ အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ပါရှိရမည်။

(င) စက်သုံးဆီဆိုင် ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီးရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ၏ စစ်ဆေးချက်အစီရင်ခံစာ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ထောက်ခံချက်တို့ပါရှိရမည်။

(စ) ဆေးရုံ ဆောက်လုပ်ပါက ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဆ) စာသင်ကျောင်း ဆောက်လုပ်ပါက ပညာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိရမည်။